# ယူနန် –မြန်မာနှစ်နိုင်ငံတို့သည် မှန်လုံယာဉ်စီးအနက်ခရီးစဉ်ကို အတူတကွလုပ်ဆောင်

ဩဂုတ်လ ၁၉ရက်နေ့တွင် ရွှေလီ "တရုတ်-မြန်မာခရီးသွားလာ"လှုပ်ရှားမှု၏ ပထမအသုတ်ခရီးသည် ၄၀ ဦးတို့သည် မြန်မာ့ခရီးစဉ်ကိုပြီးဆုံး၍ ရွှေလီဂိတ်မှ အားရပါးရပြန်လည် ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် တရုတ် ပြည်တွင်း၌ ခရီးသွားမှန်လုံယာဉ်ကြီးကို ပထမဆုံးအကြိမ်အသုံးပြုပြီး မြန်မာနိုင်ငံတွင် အနက်လည်ပတ်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ဤလှုပ်ရှားမှုမှတစ်ဆင့် တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု" ကို ပိုမိုခိုင်မြဲစေနိုင်ခဲ့ကြောင်း တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲအစိုးရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သိရှိရသည်။

နောင်တွင် ရွှေလီမြို့သည် နှစ်စဉ်ဩဂုတ်လအတွင်း ပြည်တွင်းခရီးသွားအဖွဲ့များကို စည်းရုံး၍ ကိုယ်ပိုင်ယာဉ်မောင်းသို့မဟုတ် ခရီးသွားမှန်လုံယာဉ်များဖြင့် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်သော အစီအစဉ်များကို အလေးထားလုပ်ဆောင်ပြီး ခရီးသွားမှန်လုံယာဉ်များဖြင့်လည်ပတ်ခြင်းအားပုံမှန်ခရီးစဉ်ဖြစ်လာကာ တရုတ်-မြန်မာခရီးသွားပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်စေရန်ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနသည် တရုတ်ခရီးသည်အဖွဲ့ကို ကြိုဆိုကြောင်း၊ မြန်မာတစ်ပြည်လုံးတွင် တံခါးဖွင့်လှစ်သော ခရီးသွားမှုဝါဒ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။



တရုတ်-မြန်မာသံတမန်ဆက်ဆံရေး (၆၆)နှစ်မြောက် အထိမ်းအမှတ်အတွက် ရွှေလီမြို့အစိုးရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနနှင့်လက်တွဲ၍"တရုတ်-မြန်မာခရီးသွားလာ"လှုပ်ရှားမှုကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းလှုပ်ရှားမှုကို ရွှေလီခရီးသွားကုမ္ပဏီအုပ်စုမှ တာဝန်ယူကျင်းပပြီး မြန်မာဘက်ကခရီးသွားဗီဇာ၊ ဟိုတယ်တည်းခိုခြင်းဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (၉)ရက်ကြာ ခရီးစဉ်အတွင်း အဆိုပါ ခရီးသွားအဖွဲ့သည် လားရှိုး၊ မန္တလေး၊ အင်းလေးကန်၊ ပုဂံ၊ ပြင်ဦးလွင်စသည့် မြန်မာနိုင်ငံ၌ ကျော်ကြားသော ခရီးသွားရှုခင်းများသို့ ရှေ့ဆင့်နောက်ဆင့် သွားရောက်လည်ပတ်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံ ဆန်းကျယ်သော သဘာဝရှုခင်းနှင့် ကြာရှည်သော သမိုင်းယဉ်ကျေးမှုကို နက်ရှိုင်းစွာ ထိတွေ့ခံစားခဲ့သည်။

သတင်းထောက် - ကျူးဟိုင်။

# 'အိပ်မက်ရသကဲ့သို့သော ရောင်စုံယူနန်' ကို ပေကျင်းမြို့၌တင်ဆက်



ယခုရက်ပိုင်းတွင် အကြီးစားတိုင်းရင်းသားပဒေသာကပွဲနှင့်ဂီတဆည်းဆာဖျော်ဖြေပွဲ "အိပ်မက်ရသကဲ့သို့သော ရောင်စုံယူနန်"ကို ပေကျင်းမြို့ထျန်းချောင်ဇာတ်ရုံတွင် တင်ဆက်ခဲ့ပြီး ယူနန်ပြည်နယ်မှ (၅)ကြိမ်မြောက်ပြည်လုံးကျွတ်တိုင်းရင်းသားလူနည်းစု အနုပညာပဒေသာပွဲသို့ ပါဝင်ယှဉ်ပြိုင်သည့် ဒုတိယခုမြောက်အစီအစဉ်၏ ပထမဆုံးအကြိမ်တင်ဆက်ပွဲအဖြစ် မြို့တော်ပေကျင်းရှိ ပရိသတ်များအတွက် တင်ဆက်ဖျော်ဖြေခဲ့သည်။

မိတ်ဆက်ခြင်းအရ ယင်းပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲအတွက် တိုင်းရင်းသားရသလည်းသင်းပျံ့၊ တစ်ဦးချင်းလက္ခဏာလည်းပြည့်စုံ၊ ခေတ်ကာလ၏စတိုင်လ်လည်း ထင်ဟပ်ပြသနိုင်သော အစီအစဉ်တစ်သုတ်ကို ရွေးချယ်ခြင်းဖြစ်ပြီး ရွှန်းတင့်လှပသော ရောင်စုံယူနန်ကို ပြည့်စုံကုံလုံစွာ အနက်ဖွင့်ခဲ့ကြောင်း၊ ပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲကို "ယူနန်စည်နှင့်ယူနန်အက"၊ "ရောင်စုံယူနန်အချစ်သီချင်း"၊ "ရောင်စုံယူနန်၏အကအိပ်မက်"၊ "ပိုးလမ်းမကြီးပေါ်ကသက်တံ" နှင့် "စည်းလုံးသောတရုတ်"စသည့်အခန်း(၅)ခန်းအဖြစ် ခွဲထားကြောင်း၊ ယူနန်တိုင်းရင်းသားအသီးသီးတို့၏ ရှည်ကြာတောက်ပသော သမိုင်းယဉ်ကျေးမှု၊ ရွှန်းတင့်ရောင်စုံသော တိုင်းရင်းသားယဉ်ကျေးမှုများကို ပြသခဲ့ပြီး ပရိသတ်များအား သဘာဝဂေဟကျသည့် အနုပညာ၏သန့်စင်သောလှပမှု၊ အကင်းပါးသော ကောင်းမြိုက်မှုများကို ခံစားစေခဲ့ကြောင်းသိရသည်။

ပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲတွင် တိုင်(ရှမ်း)လူမျိုး၊ ယီလူမျိုး၊ ဂျိမ်းဖောလူမျိုး၊ ပလောင်လူမျိုး၊ ဟားနီလူမျိုး၊ လီဆူးလူမျိုးစသည့် တိုင်းရင်းသားလူနည်းစုတို့မှ သရုပ်ဆောင်များက "မင်္ဂလာ၄က်"၊ "အာချီမူကွာ"၊ "မနောသီချင်း"၊ "လားမူဂူသီချင်းသစ်ဆို"၊ "ဆေးလိပ်ဘူးအက"စသည့် အဆိုအကများကို တင်ဆက်ဖျော်ဖြေခဲ့သည်။ သဘာဝကျသော တိုင်းရင်းသားတေးဂီတ၊ ရောင်စုံလှပသော တိုင်းရင်းသားအဝတ်အစား၊ ခေတ်မီသောဇာတ်စင်မီးအလင်းရောင်ပေးစနစ်နှင့် ပြေပြစ်လှပသော အကဘာသာစကားသည် ပွဲကြည့်ပရိသတ်များအား အကြားအမြင်ဆန်းသစ်စေပြီး စိတ်နှလုံးကိုပင်တုန်လှုပ်စေခဲ့သည်။ ယင်းဆည်းဆာဖျော်ဖြေပွဲသည် ယူနန်သဘာဝကျသော တိုင်းရင်းသားအဆိုအကများကိုစုစည်း၍ ထင်ဟပ်ပြသခြင်းအားဖြင့် ပရိသတ်များအား ယူနန်၏တိုင်းရင်းသားပေါများသော၊ ရောင်စုံသော၊ ရှုထောင့်စုံသော ယဉ်ကျေးမှုများကို သက်ဝင်လှုပ်ရှားအောင်ပြသခဲ့ပြီး ယူနန်သဘာဝကျသော တိုင်းရင်းသားအဆိုအက၏ တမူထူးခြားသောသရုပ်သကန်နှင့် တစ်ဦးချင်းညို့ဓာတ်များကို ဖော်ပြနိုင်ခဲ့သည်။

သတင်းထောက် - လျူရှောင်။

# တရုတ်–လာအိုရထားလမ်းကြောင့် လာအိုနိုင်ငံကိုအကျိုးခံစားစေ

လာအိုနိုင်ငံ ပါထာလောသတင်းဌာန၊ လာအိုသတင်းကွန်ရက်တို့၏သတင်းများအရ မကြာမီရက်ပိုင်းတွင် လာအိုနိုင်ငံ အများပိုင်စီမံကိန်းနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောအစီရင်ခံစာတွင် တရုတ်-လာအိုရထားလမ်း စီမံကိန်းသည် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ အပြန်အလှန်ချိတ်ဆက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုခေါ်ယူရေးနှင့် ကုန်ထုတ်လုပ်မှုအကုန်အကျလျှော့နည်းရေးစသည့် ကဏ္ဍများတွင် လာအိုအတွက် အကျိုးစီးပွားများ တကယ့်ရရှိစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် တရုတ်-လာအိုရထားလမ်းသည် လာအိုအတွက် "ကုန်းလမ်းပိတ်နိုင်ငံ"မှ "ကုန်းလမ်းဖွင့်နိုင်ငံ"အဖြစ် ပြောင်းလဲစေသောမျှော်မှန်းချက်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းရထားလမ်းသည် အခြေခံအဆောက်အအုံများ တောက်ခံအားပေးနိုင်မည့်အပြင် တရုတ်နိုင်ငံနှင့်အာဆီယံဒေသတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရေးနှင့် အပြန်အလှန်ချိတ်ဆက်ရေးတိုးချဲ့ရေးအရလည်း လာအိုအတွက် ကူညီပေးမည်ဖြစ်ကြောင်း၊ ထို့အတူ တရုတ်-လာအိုရထားလမ်းစီမံကိန်းသည် လာအိုအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုခေါ်ယူရန် အရေးပါသော ကိရိယာဖြစ်စေနိုင်မှာဖြစ်ကြောင်း၊ ပိုမိုများပြားသော အရင်းငွေ၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များသည် ခြေလှမ်းချင်းဆက်၍ ရောက်ရှိလာမှာဖြစ်ကြောင်း၊ ယင်းအခြေခံပေါ်မူတည်၍ ကုန်သွယ်မှုမြှင့်တင်ရန်၊ လူသူအသွားအလာတိုးများရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်ထုတ်လုပ်မှုအကုန်အကျလျှော့နည်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရန်စသည့် ရည်မှန်းချက်များကို ဖော်ဆောင်ပြီး နိုင်ငံ့စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းထောက် - ဟန်ချိန်ယွမ်၊ ကျူးဟိုင်။

# တရုတ်ဖြစ်ရထားတွဲ ဘန်ကောက်မြို့၌ စမ်းပြေးဆွဲ

ဩဂုတ်လ ၂၉ရက်နေ့တွင် ထိုင်းနိုင်ငံရထားပို့ဆောင်ရေး ဦးစီးဌာနသည် ဘန်ကောက်ဘူတာရုံတွင် ခရီးသည်တင်ရထားတွဲသစ်အစမ်းပြေးဆွဲပွဲအခမ်းအနားကျင်းပခဲ့သည်။ တရုတ်နိုင်ငံထုတ်လုပ်ထားသောရထားတွဲသစ်များကို အသုံးပြုပြေးဆွဲခြင်းသည် ထိုင်းနိုင်ငံရှိရထားများ၏ သက်သာမှုနှင့် ခေတ်မီမှုအဆင့်အတန်းကို များစွာမြှင့်တင်သွားမည်ဖြစ်သည်။ ခန့်မှန်းခြေအရ ယင်းရထားတွဲသစ်များကို အောက်တိုဘာလတွင် ဘန်ကောက်-ချင်းမိုင်လမ်းတွင် တရားဝင်ပြေးဆွဲသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံရထားပို့ဆောင်ရေးဦးစီးဌာနဌာနမှူးဝူထီချာ၏ အပြောအရ ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေး ဦးစီးဌာနသည် နှစ်(၂၀)ကျော်အတွင်း မည်သည့်ရထားတွဲမှ အသစ်ဝယ်ယူထားခြင်းမရှိခဲ့ကြောင်း၊ ယင်းရထားတွဲသစ်များသည် ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်းကို ကြီးမားစွာခေတ်မီစေနိုင်ပြီး ရထားလုပ်ငန်းလုပ်ကိုင်သူများ၏ဂုဏ်ယူစရာလည်းဖြစ်ကြောင်း သိရသည်။ ၎င်း၏ မိတ်ဆက်ခြင်းအရ အသစ်တင်သွင်းလာသောရထားတွဲမှန်သမျှကို ဘန်ကောက်-ချင်းမိုင်လမ်း၊ ဘန်ကောက်-ဝူဝမ်လမ်း၊ ဘန်ကောက်-လန်ခိုင်လမ်း၊ ဘန်ကောက်-ဟိုအိုင်လမ်းစသည့်(၄)လမ်းတို့တွင် အသုံးပြုပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ အမြင့်ဆုံးမြန်နှုန်းမှာ ၁၂၀ ကီလိုမီတာ/နာရီအထိ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

